ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဓနုဖြူမြို့နယ်

လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း)

# National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

## ဈေးညွှန့်ကျေးရွာ၊စံကင်းကျေးရွာအုပ်စု

၂၀၁၉ခုနှစ်

ဓနုဖြူမြို့

မာတိကာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာအုပ်စုမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာသမိုင်းကြောင်း

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သောPRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၆.၁။ ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social and Resource Map)

၆.၂။ ရာသီခွင်ပြ -ပြက္ခဒိန်(Seasonal Calender)

၆.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း(Wealth Ranking)

၆.၄။ ကျား-မပင့်ကူအိမ်သုံးသပ်ခြင်း(Spider Diagram)

၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း(Asset Mapping)

၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှုဇယား(Venn Diagram)

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာကော်မတီဝင်များစာရင်း

၉။ ကျေးရွာအခြေခံအချက်အလက် ပုံစံ စ-၁(PC-1)

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား ပုံစံ စ-၂(PC-2)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ပုံစံ စ-၃(PC-3)

၁၂။ ကျေးရွာအခြေခံအချက်အလက် ပုံစံ စ-၁(PC-1)

၁၃။ စီမံကိန်းစက်ဝန်းအချိန်ဇယား ပုံစံ စ-၂(PC-2)

၁၄။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ပုံစံ စ-၃(PC-3)

၁၅။ ကျေးရွာပထမအကြိမ် အစည်းအဝေးမှတ်တမ်း


၁၆။ ကျေးရွာဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း

၁၇။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ


ကျေးလက်ဖွံ့ဖြိုးရေး စီမံကိန်း

၂၀၁၉ခုနှစ် နေပြည်တော်

# မြို့နယ်မြေပုံ


ဓနုဖြူမြို့နယ်
N
W
E
S
ဓနုဖြူမြို့နယ်
ရောဝတီတိုင်းဒေသကြီး
စကေး ၁.လက္မ = ၁.မိုင်
ဇလွန်မြို့နယ်
ပန်းတနော်မြို့နယ်
ညွှန်ပြချက်
၁။တိုင်းနယ်နမိတ်
၂။ခရိုင်နယ်နမိတ်
၃။မြို့နယ်နယ်နမိတ်
၄။ကျေးရွာအုပ်စုနယ်နမိတ်
၅။မြစ်ချောင်း/တူးမြောင်း
၆။ကားလမ်း
၇။ရထားလမ်း

# ကျေးရွာအုပ်စုမြေပုံတည်နေရာ



၃။ ဗံကင်း အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | လူဦးရေ စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ဗံကင်း | ၂၀၅ | ၄၂၆ | ၄၈၅ | ၉၁၁ | |
| ၂။ | ချေးညှိ | ၁၆၆ | ၃၃၂ | ၃၅၈ | ၆၉၀ | |
| ၃။ | ဆိုင်းရု | ၁၂၇ | ၂၅၆ | ၂၆၈ | ၅၂၄ | |
| ၄။ | သဏ္ဍာန်ကျင်း | ၆၀ | ၁၂၁ | ၁၂၁ | ၂၄၂ | |
| ၅။ | သားမြေပေါက် | ၃၇ | ၇၉ | ၇၆ | ၁၅၅ | |
| ၆။ | ပက်တန်း | ၁၈၀ | ၃၅၂ | ၃၅၂ | ၇၀၄ | |
| ၇။ | ပျဉ်းမကုန်း (မြောက်) | ၅၂ | ၈၃ | ၉၈ | ၁၈၁ | |
| ၈။ | ပျဉ်းမကုန်း (အနောက်) | ၆၀ | ၁၁၃ | ၁၀၇ | ၂၂၀ | |
| ၉။ | သုံးဖွဲ့ | ၅၂ | ၉၃ | ၁၁၁ | ၂၀၄ | |
| ၁၀။ | ပျဉ်းမကုန်း | ၁၂၄ | ၂၅၇ | ၂၇၈ | ၅၃၅ | |
| ၁၁။ | ပက်တန်း (အရှေ့) | ၂၁ | ၃၅ | ၄၃ | ၇၈ | |
| ၁၂။ | | | | | | |
| ၁၃။ | | | | | | |
| ၁၄။ | | | | | | |
| ၁၅။ | | | | | | |
| ၁၆။ | | | | | | |

# ကျေးရွာ၏သမိုင်းကြောင်း

နေပြည်တော်မြို့နယ် ၊စံကင်းကျေးရွာအုပ်စု၊ ဈေးညွန့်ကျေးရွာသည် လွန်ခဲ့သောနှစ် (၃၅)နှစ်ခန့်ကစံကင်းတာပေါင်းပိုင်းရပ်မှဇရာဝတီမြစ်ကမ်းပြိုမှုကြောင့် ပြောင်းရွှေ့ခဲ့ရပြီး စတင်ပြောင်းရွှေ့ချိန်တွင် အိမ်ထောင်စု(၅၀)ခန့်စတင်ပြောင်းရွှေ့ ပြီးယခုအခါတွင်အိမ်ထောင်စု(၁၆၆)စုရှိပါသည်။ဈေးညွန့်ဟု ခေါ်ရခြင်းမှာ ဈေး၏ထိပ်တွင် ရွာတည်ခဲ့ခြင်းကြောင့်နှင့်ကျေးရွာအတွင်းနေထိုင်သူ အများစုသည် ဈေး သည်များဖြစ်သောကြောင့် ဈေးညွန့်ဟုခေါ်တွင်ရခြင်းဖြစ်သည်။


**ပါဝင်ဆွေးနွေးသူ ကျား (၅)ဦး၊မ(၆)ဦး**

## ဈေးညွှန့်ကျေးရွာ၏ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ဒုတိယနစ်စက်ဝန်း (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်းကြောင်း (Village History) | ၂၇.၁၀.၂၀၁၉ | ကျေးရွာအကြောင်းကိုသိသိသောရပ်မိရပ်ဖ (အမျိုးသား၊သမီး) များကျေးရွာအုပ်ချုပ်ပ်ရေးမှူး | ၅ | ၆ | ၁၁ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြား ၁းသတ်မှတ်နိုင်ရေးအတွက်က်အခြေခံစံနှုန်းမျ များကိုရွာသူရွာသားများနှင့်အတူတူဆွေးနွေး၍အများသဘောတူဆုံး ဖြတ်သတ်မှတ်ခြင်း။ |
| ၂ | ကျေးရွာလူမှုရေး၊ စီးပွားရေးအရင်းမြစ်ပြမြေပုံ (Social and Resource Map) | ၂၇.၁၀.၂၀၁၉ | ကျေးရွာသူ/သားများနှင့် မြေပုံရေးဆွဲတကတက်သူ ကော်မတီတီဝင်အချို့နှင့် ကျေးရွရွာကြောင်းကိုနံ့နံ့စပ်စပ်သိသောလူငယ်လေးများ | ၇ | ၇ | ၁၄ | ကျေးရွာစီးပွားရေးအရင်းအမြစ်များ၊ လမ်းပန်းဆက်သွယ်ရေးအခြေခြအနေ၊ သောက်သုံးရေရရှိမှု၊ ပညာရေး၊ကျန်းမာရေးလိုအပ်ချက်၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုများကိုဆွေးနွေးခြင်း။ |
| ၃ | ရာသီခွင်ပြက္ခဒိန် (Seasonal Calendar) | ၂၇.၁၀.၂၀၁၉ | ကော်မတီဝင်များ(ကျား၊ မ)တောင်သူလယ်သမား၊ လက်လုပ်လက်စား၊ ဈေးသည်များနှင့်လယ်လုပ်သားများ (အမျိုးသား၊အမျိုးသမီး) | ၇ | ၇ | ၁၄ | ကျေးရွာတွင် ရာသီအလိုက်လုပ်ကိုင်ဆောင်ရွက်နေသောအလုလုပ်အကိုင်များ၊ ဝင်ငွေရရှိမှုများ၊ နှင့် ပွဲတော်ရက်များအကြောင်းဆေဆွေးနွေးခြင်း |
| ၄ | ချမ်းသာကြွယ်ဝမှု အဆင့်ခွဲခြင်းဥပမာပြဇယား (Wealth Ranking) | ၂၇.၁၀.၂၀၁၉ | ကျေးရွာသူ/သားများနှင့် အုပ်ချုပ်ရေးမှူး၊ ကော်မတမတီဝင်များ | ၅ | ၆ | ၁၁ | ကျေးရွာအတွင်းရှိဉစ္စာဓနပိုင်ဆိုင်မှုမှုအားအဆင့်ခွဲခြင်း။ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ (Venn Diagram) | ၂၇.၁၀.၂၀၁၉ | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ ကျေးရွာသူသူ၊ကျေးရွာသားများ | ၇ | ၇ | ၁၄ | ကျေးရွာအတွင်းရှိလက်ရှိဖွဲ့စည်းထားသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီးလုပ်ဆောင်နေပနပုံအားဆွေးနွေးခြင်း။ |
| 7 | [illegible] | | [illegible] | [illegible] | | | [illegible] |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ပိုင်ဆိုင်မှုအရင်းအမြစ် (Acess to control over) | ၂၇.၁၀.၂၀၁၉ | ကျေးရွာသူ/သားများ | ၁၀ | ၁၀ | ၂၀ | အမျိုးသားနှင့်အမျိုးသမီးများပိုင်ဆိုင်မှုအရင်းအမြစ်များ |
| ၇ | အမျိုးသား၊ အမျိုးသမီးအခြေအနေသုံးသပ်ချက်ပြမြေပုံ (Spider Web) | ၂၇.၁၀.၂၀၁၉ | ကျေးရွာသူ/သားများ | ၁၅ | ၁၃ | ၂၈ | ကျေးရွာအတွင်းရှိအမျိုးသား၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်အပိုင်း၊ ပညာရေး၊ အလုပ်အကိုင်၊ ခေါင်းဆောင်မှု၊ ရပ်ရေးရွာရေးပူးပေါင်းပါဝင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများအားအမျိုးသား၊အမျိုးသမီး နှိုင်းယှဉ်ဆွေးနွေးခြင်း။ |
| ၈ | ကျေးရွာ၏ (၅) နှစ်စာဦးစားပေးဖွံ့ဖြိုးရေးအစီအစဉ် (Metric Ranking) | ၂၇.၁၀.၂၀၁၉ | ကျေးရွာသူ/သားများ၊ ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ။ | ၂၉ | ၅၅ | ၈၄ | ကျေးရွာအတွက်လိုအပ်သောသာအဆာက်အဦးပိုင်းဆိုင်ရာနှင့် စီးပွားရေး၊လူမှုရေးနှင့်ကျန်းမာရေးအတွက် လုပ်ဆောင်ချင်သောလုပ်ငန်းများ၊ လုပ်ဆောင်မည့်သူများအား ကြိုတင်ဆွေးနွေးခြင်း။ |
| ၉ | ကျေးရွာအုပ်စု၏ ဖွံ့ဖြိုးရေးအစီအစဉ်ပြဇယား (VTDP) | ၄.၁၁.၂၀၁၉ | ကျေးရွာအုပ်စု ကော်မတီဝင်များ၊ | ၁၁ | ၁၁ | ၂၂ | ကျေးရွာအုပ်စုအတွက် ပိုမို၍အရေးကြီးသောလုပ်ငန်းများကိုဦးစားပေးအဆင့်သတ်မှတ်ကာအရင်ဆုံးပြုလုပ်ရန် ရန် ဆွေးနွေးခြင်း။ |

## ၁။ဓနုဖြူမြို့နယ်၊ စံကင်းကျေးရွာအုပ်စု၊ရွေးညွှန့်ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံ




**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

ရွေးညွှန့်ကျေးရွာသည် အိမ်ထောင်စု (၁၆၆)စုရှိပါသည်။ ဆည်းမြောင်းရေကာတာဘေးတွင် တည်ရှိသောရွာဖြစ်သည်။ ဧရာဝတီမြစ်ကမ်းဘေး တွင်လည်းအိမ်ခြေအနည်းငယ်ရှိပါသည်။ လူဦးရေ အားလုံးသည် ဗမာလူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။ အဓိကလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးကိုလုပ်ကိုင်ကြပါသည်။

**လမ်းပန်းဆက်သွယ်ရေး**

စံကင်းကျေးရွာအုပ်စု နှင့် ဆက်သွယ်ထားသောလမ်းမှာ ကျောက်ပြားလမ်းဖြစ်ပါသည်။ ရွာတွင်းလမ်းမှာ အနည်းငယ်သာရှိပါသည်။ အဓိကအသုံးပြုသောလမ်းမှာအုပ်စုသို့ ဆက်သွယ်ထားသောလမ်းကိုသာ အဓိကအသုံးပြုကြပါသည်။

**ပညာရေး**

ပညာရေးတွင် စံကင်းအခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားကြပါသည်။

**ကျန်းမာရေး**

ကျေးလက်ဆေးပေးခန်းမရှိသည့်အတွက် နာမကျန်းဖြစ်သည့်အခါ ဇလုတ်ကြီး ကျေးလက် ဆေးပေးခန်း၊ ကျောက်တိုင်ကျေးရွာရှိ ဆရာဝန်ထံသို့ သွားရောက်ပြသရပါသည်။ ကိုယ်ဝန်ဆောင်မိခင်များ မွေးဖွားရာတွင် ဓနုဖြူမြို့ဆေးရုံသို့ သွားရောက်၍မွေးဖွားရပါသည်။

သောက်သုံးရေ


မိုးရာသီတွင် မိုးရေကိုသာ အဓိကသောက်သုံးကြပါသည်။ နွေရာသီရောက်သောအခါ ရောဝတီမြစ်ရေကို ခပ်ယူ၍ သောက်သုံးကြပါသည်။ သောက်သုံးရေလုံလောက်မှုရှိပါသည်။

အနှစ်ချုပ်

ကျေးရွာရှိအင်ဂျင်မီးလင်းရေးမှ မီးကြိုးများ၊မီးတိုင်များခိုင်ခန့်မှုမရှိသည့်အတွက် ကလေးငယ်များ ပြည်သူလူထုများ စိုးရိမ်ကြောင့်ကြစွာ သွားလာနေရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၇)ဦး၊ မ(၇)ဦး

## ၂။ဓနုဖြူမြို့နယ်၊စံကင်းအုပ်စု၊ဈေးညွန့်ကျေးရွာ၏ ရာသီခွင်ပြဇယား



**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**


ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် စံကင်းကျေးရွာအုပ်စုဈေးညွန့်ကျေးရွာ ၏အဓိကစီးပွားရေး အရင်းအမြစ်သည် လယ်ယာနှင့်ကိုင်းလုပ်ငန်းဖြစ်သည်။ မိုးတွင်းရေကြီးနစ်မြုပ်သောကြောင့်ကိုင်းများမှာ စိုက်ပျိုး၍မရပဲ နွေနှင့်ဆောင်းရာသီတွင်စိုက်ပျိုးကြရပါသည်။ လယ်ယာမြေများသည် ရေကာတာ၏ အရှေ့ဘက်တွင်တည်ရှိသောကြောင့် မိုးစပါးနှင့် နွေအခါပဲများ ကိုစိုက်ပျိုးကြရပါသည်။ တော်သလင်း သီတင်းကျွတ်လများတွင် နွေစပါးများစိုက်ပျိုးကြပြီး ပြာသိုလများတွင် စပါးများပြန်လည် ရိတ်သိမ်းကြပါသည်။ လမ်းပန်းဆက်သွယ်ရေးတွင် မိုးတွင်းအခါလမ်းများပျက်စီးသောကြောင့် သွားလာရေးအလွန်ခက်ခဲပါသည်။ ဝင်ငွေများသည် တန်ဆောင်မုန်း နတ်တော်နှင့် တပိုတွဲ တပေါင်းလများတွင် သီးနှံပေါ်ချိန်များဖြစ်သောကြောင့် ဝင်ငွေများပိုမိုရရှိကြသည်။ ပွဲတော်များ ကို သီတင်းကျွတ် တန်ဆောင်မုန်းလများတွင် ဘုံကထိန်ပွဲတော်များပြုလုပ်ကျင်းပကြပါသည်။ ကျန်းမာရေး သည်ရာသီအကူးအပြောင်းနွေရာသီများတွင် ဝမ်းလျှောဝမ်းပျက်နှင့် မိုးရာသီတွင် သွေးလွန်တုတ်ကွေး အဖြစ်များသည်။ သောက်သုံးရေသည်မိုးတွင်းအခါပေါများပြီးနွေအခါတွင် သောက်ရေကန်များမှရေမ ရများကို သောက်သုံးကြရပါသည်။ ဝါဆို ဝါခေါင် တော်သလင်းလများ ရေကြီးချိန်တွင် တံငါလုပ်ငန်းများလုပ်ကိုင်၍ အသက်မွေးဝမ်းကြောင်းအတွက် ရှာဖွေစားသောက်ကြသည်။ မိုးရာသီတွင် မိုးသဲလေပြင်းတိုက်ခတ်ခြင်း မိုးသည်းထန်စွာရွာသွန်းခြင်းများကြုံတွေ့ရသည်။

**အနှစ်ချုပ်**

နေ့စားလုပ်ကိုင်ကြသောသူများသည် လယ်အလုပ်ကိုင်ချိန်နှင့်ရေတက်ချိန်များတွင် လုပ်ကိုင်၍ မရကြပါ။ ကျေးရွာတွင်အလုပ်မရှိသောအချိန်တွင် လယ်သမားများထံမှ ကောက်ရိတ်ပေး ကောက်စိုက် ပေးများယူ၍ စားဝတ်နေရေးကိုဖြေရှင်းကြရပါသည်။ အမျိုးသားနှင့်အမျိုးသမီး အလုပ်လုပ်ချိန် တူသော်လည်း လုပ်အားခတူညီစွာမရရှိပါ။

ပါဝင်ဆွေးနွေးသူ ကျား(၇) ဦး၊ မ(၇)ဦး

## ၃။ဓနုဖြူမြို့နယ်၊စံကင်းအုပ်စု၊ဈေးညွှန့်ကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုဇယား



စံကင်းအုပ်စု — ဥစ္စာဓနကြွယ်ဝမှုဇယား — ၂၇.၁၀.၂၀၁၉ — ဈေးညွှန့်ကျေးရွာ

| အဆင့် | ညွှန်းကိန်း | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်(၈)ဧက၊ တိုက်အိမ်၊ ကား၊ ကွန်ဒေါင်း၊ ဆိုင်ကယ်၊ ဆိုလာ၊ TV၊ ရေစက် | ၁၆ | ၁၀% |
| အလယ်အလတ် | သွပ်မိုး ပျဉ်ထောင်၊ ဆိုင်ကယ်၊ စက်ဘီး၊ TV ဆိုလာ၊ ဈေးဆိုင် | ၇၁ | ၄၃% |
| နွမ်းပါး | ဓနိမိုး၊ ထရံကာ၊ ဆိုင်ကယ်၊ စက်ဘီး၊ ရေလုပ်သား၊ ကပ်ပါး၊ | ၇၉ | ၄၇% |
| စုစုပေါင်း | | ၁၆၆ | ၁၀၀% |

ပါဝင်ဆွေးနွေးသူ ကျား - ၅ မ - ၆

### ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ရောဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် စံကင်းကျေးရွာအုပ်စု ဈေးညွှန့်ကျေးရွာတွင် အိမ်ထောင်စု(၁၆၆)အိမ်ရှိသည်။ ချမ်းသာသောအုပ်စု၊အလယ်အလတ်အုပ်စု၊ နွမ်းပါးသောအုပ်စု ဟူ၍(၃)မျိုးရှိသည်။ ချမ်းသာသောအိမ်ထောင်စု (၁၆)အိမ်ရှိပါသည်။တိုက်အိမ် ဖြင့်နေထိုင်ကြပြီး လယ်ယာမြေဧက(၈)အထက် ပိုင်ဆိုင်ကြပြီး လယ်ယာလုပ်ငန်းများ လုပ်ကိုင်ကြသည်။ လယ်ယာသုံးစက် ပစ္စည်းများပိုင်ဆိုင်ကြပြီး ထွန်စက်ကြီးများ လက်တွန်းထွန်စက်များ ဂွန်ဒေါင်းများ နွားများလည်းပိုင်ဆိုင်ကြသည်။ ဆိုလာ၊ဆိုင်ကယ်၊TV၊ရေစက်များလည်းပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်အုပ်စုတွင် အိမ်ထောင်စု(၇၁) အိမ်ရှိပါသည်။ အလယ်အလတ်များသည် သစ်အိမ်များ သွပိမိုးပျဉ်ထောင်အိမ်မျညး နှင့်နေထိုင်ကြပြီး လယ်ယ(၅)ဧကပိုင်ဆိုင်ကြပြီး လယ်လုပ်ငန်းများလုပ်ကိုင်ကြသည်။ လယ်ယာသုံးစက်ပစ္စည်း များပိုင်ဆိုင်ကြ ပြီး ဆိုင်ကယ်များ၊ လည်းပိုင်ဆိုင်ကြသည်။ ငွေကြေးအသင့်အတင့်ရှိသောကြောင့် ကျောင်းသား ကျောင်းသူများ ပညာဆုံးခန်းတိုင်အောင်ကျောင်းထားပေးနိုင်ကြသည်။ နွမ်းပါးသောအုပ်စုတွင် အိမ်ထောင်စု (၇၉))အိမ်ရှိပါသည်။ သစ်ဝါးအိမ်များဖြင့်နေထိုင်ကြပြီး နွားများဖြင့် ထွန်ယက်စိုက်ပျိုးကြသည်။ နွမ်းပါးသူများသည် ကိုယ်ပိုင် အလုပ်အကိုင်မရှိသောကြောင့် လယ်သမားများထံတွင် နေ့စားဝင် ရောက်လုပ်ကိုင်ခြင်း မိုးတွင်းရေကြီးချိန်တွင် တံငါလုပ်ငန်းများလုပ်ကိုင်၍ စားဝတ်နေရေးအတွက်

ရှာဖွေကြရပါသည်။ အမြဲတမ်း အလုပ်အကိုင်မရှိသောကြောင့် အခြားမြို့များသို့ သွားရောက်လုပ်ကိုင် သူများလည်းရှိကြပါသည်။ အလုပ်အကိုင်မရှိသောကြောင့် စားဝတ်နေရေး အတွက် လုပ်အားခကြိုတင်ငွေ ယူသုံးရခြင်းကြောင့် နွမ်းပါးမှုပိုမိုမြင့်မားလာသည်။


အနှစ်ချုပ်

စံကင်းအုပ်စု ဈေးညွှန့်ကျေးရွာတွင် အဆင်ပြေသူများရှိသလို နွမ်းပါးသူများပြားခြင်း အလုပ်အကိုင်ရှားပါးခြင်းကြောင့် စားဝတ်နေရေးအဆင်မပြေသောကြောင့် အခြားမြို့နယ်များသို့ အလုပ်အကိုင်သွားရောက် လုပ်ကိုင်ရခြင်းဖြင့် စားဝတ်နေရေးအခက်အခဲ ကိုဖြေရှင်းကြရသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၅)ဦး ၊မ(၆)ဦး

လူထုဗဟိုပြု စီမံကိန်း

## ၆။ နေပြည်တော်ပြည်နယ်၊ စံကင်းအုပ်စု၊ဈေးညွန့်ကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း ။



### ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ရောဝတီ တိုင်းဒေသကြီး နေပြည်တော်ပြည်နယ် စံကင်းကျေးရွာအုပ်စု ဆိုင်းစုကျေးရွာ ပင့်ကူအိမ်သုံးသပ်ခြင်း၊အမျိုးသားအမျိုးသမီးအခြေကျသုံးသပ်ခြင်းကို ခေါင်းစဉ်ကြီး(၆)ခုဖြင့် ဆွေးနွေး ထားပါသည်။၎င်းတို့မှာ အိမ်မှုကိစ္စဆောင်ရွက်မှု၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်၊ ဝင်ငွေရရှိမှု၊ အဖွဲ့အစည်းများတွင်ပါဝင်ခွင့်၊ အလုပ်အကိုင်အခွင့်အလမ်း၊ လုံခြုံမှုတို့ဖြစ်သည်။

### အိမ်မှုကိစ္စဆောင်ရွက်နိုင်မှု

ဈေးညွန့်ကျေးရွာ အိမ်မှု ကိစ္စ ဆောင်ရွက်မှုတွင် အမျိုးသားများက(၃၀)ရာခိုင်နှုန်း အမျိုးသမီးများက(၆၀)ရာခိုင်နှုန်းရှိပါသည်။ အမျိုးသမီးများကအိမ်မှု ကိစ္စ ကို အမျိုးသားများ ထက်ပိုမို ၍ လုပ်ဆောင်ကြရပါသည်။ အမျိုးသားများက အပြင်အလုပ်များ လုပ်ကိုင်ရသောကြောင့် အိမ်မှု ကိစ္စဆောင်ရွက်မှု အားနည်းပါသည်။

### ဆုံးဖြတ်ချက်ချပိုင်ခွင့်

ဈေးညွန့်ကျေးရွာ ဆုံးဖြတ်ချက်ချပိုင်ခွင့်၊တွင် အမျိုးသားများက(၈၀)ရာခိုင်နှုန်း ၊အမျိုးသမီးများက(၅၀)ရာခိုင်နှုန်း ဖြစ်သောကြောင့်ဆုံးဖြတ်ချက်များချရာတွင် အမျိုးသားများ ကပိုမို အားသာသည်ကိုတွေ့ရပါသည်။

ဝင်ငွေရရှိမှု

ဈေးညွှန့်ကျေးရွာ ဝင်ငွေရရှိမှုတွင်အမျိုးသားများက(၇၀)ရာခိုင်နှုန်း အမျိုးသမီးများက(၃၀)ရာခိုင်နှုန်း ရှိကြသည်ကိုတွေ့ရသဖြင့် အမျိုးသမီးများသည်ဝင်ငွေရလုပ်ငန်း များတွင်လုပ်ကိုင်ဆောင်ရွက်ခွင့်အားနည်းသည်ကိုတွေ့ရပါသည်။

အဖွဲ့အစည်းများတွင်ပါဝင်ခွင့်

ဈေးညွှန့်ကျေးရွာအဖွဲ့အစည်းများတွင်ပါဝင်ခွင့်တွင် အမျိုးသားများက(၈၀)ရာခိုင်နှုန်း အမျိုးသမီးများက(၃၀)ရာခိုင်နှုန်း ရှိပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများကို ဆောင်ရွက်ရသောကြောင့် အဖွဲ့အစည်းများတွင်ပါဝင်မှု အားနည်းပါသည်။

အလုပ်အကိုင်အခွင့်အလမ်း

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများက(၇၀)ရာခိုင်နှုန်း အမျိုးသမီးများက(၄၀)ရာခိုင်နှုန်းရှိပါသည်။ အမျိုးသားနှင့်အမျိုးသမီး တန်းတူ အလုပ်လျှောက်ရာ တွင်အမျိုးသမီးများက အလုပ်အကိုင်ရရှိမှုနည်းပါးကြသည်။

လုံခြုံမှု


ဈေးညွှန့်ကျေးရွာလုံခြုံမှုတွင် အမျိုးသားများက(၉၀)ရာခိုင်နှုန်း အမျိုးသမီးများက(၃၀)ရာခိုင်နှုန်း ရှိပါသည်။ အမျိုးသားများလုံခြုံမှုရှိသော်လည်း အမျိုးသမီးများက လုံခြုံမှုအားနည်းသည်ကိုတွေ့ရပါသည်။

အနှစ်ချုပ်

ဈေးညွှန့်ကျေးရွာ ပင့်ကူအိမ်သုံးသပ်ခြင်း၊အမျိုးသားအမျိုးသမီးအခြေကျသုံးသပ်ခြင်းတွင် အမျိုးသမီး များသည် အိမ်မှုကိစ္စ များသာ မိသားစုအတွက် ဆောင်ရွက် နေရပြီး အခြားနေရာများ တွင် အမျိုးသမီးများပါဝင်မှု အားနည်းနေကြောင်းတွေ့ရပါသည်။

ပါဝင်ဆွေးနွေးသူ-ကျား(၁၅)ဦး၊မ(၁၃)ဦး

## ၅။ဓနုဖြူမြို့နယ်၊စံကင်းအုပ်စု၊ဈေးညွန့်ကျေးရွာ၏အရင်းအမြစ်ထိန်းချုပ်မှုပုံစံ



### ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း


ဓနုဖြူမြို့နယ်၊စံကင်းကျေးရွာအုပ်စု၊ ဈေးညွန့်ကျေးရွာ တွင်အမျိုးသားများသည် အရင်းအမြစ်များ ဖြစ်သော လက်သမားသုံးပစ္စည်းများ၊ လယ်ယာသုံး လက်တွန်းထွန်စက်များ ၊ စက်ပြင်ပစ္စည်းများ၊ ဘီလိယက်ခုံ လုပ်ငန်းများကို အမျိုးသား များက အသုံးပြုကြပါသည်။ အမျိုးသမီး များသည် အိမ်တွင်း စက်ချုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ကြပါသည်။ မွှောရုံ၊ရေကန်၊လမ်း၊ စာသင်ကျောင်း၊ဘုန်းကြီးကျောင်း၊ ရေလုပ်ငန်း၊ဆိုင်ကယ်၊ဆေးခန်း၊လယ်၊ မြစ်၊ဂွန်ဒေါင်း၊ စက်လှေတို့ကို အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြပါသည်။ အရင်းအမြစ်များကို အသုံးပြုရာတွင် နှစ်ဦးစလုံး အသုံးပြုကြသော်လည်း ဂွန်ဒေါင်းများ ၊ကိုင်းများ၊ လယ်ယာသုံးစက်ပစ္စည်း များ၊ လယ်၊ဆိုင်ကယ်၊စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ဘီလိယက်ခုံ၊ ရေလုပ်ငန်း၊အပ်ချုပ်စက်၊ စက်လှေ၊မွှောရုံ၊ထွန်စက်၊ လမ်းတို့ကိုပြုပြင်ခြင်း၊ ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း များကို အမျိုးသား များက ပိုမိုထိန်းချုပ်ကြပါသည်။ အမျိုးသမီး များသည် မိမိတို့တစ်ဦး တည်းလုပ်ဆောင်ရသောအလုပ်များတွင်သာ ဆုံးဖြတ်ပိုင်ခွင့်၊ ပြုပြင်ပိုင်ခွင့်၊ ထိန်းချုပ်ပိုင်ခွင့် ရှိပါသည်။

### အနှစ်ချုပ်

စံကင်းအုပ်စု ၊ဈေးညွန့်ကျေးရွာအတွင်းတွင် အရင်းအမြစ်များကို နှစ်ဦးစလုံးသုံးစွဲကြပြီး အရင်းအမြစ်များ ထိန်းသိမ်းရန် ပြုပြင်ခြင်း ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများထက် အမျိုးသားများကပိုမိုသာကြပါသည်။ အမျိုးသမီးများမှာ အသုံးပြုပိုင်ခွင့်ရှိသော်လည်း ဆုံးဖြတ်ပိုင်ခွင့်၊ထိန်းချုပ်ပိုင်ခွင့် အားနည်းပါသည်။

ပါဝင်ဆွေးနွေးသူ ကျား(၁၀) ၊မ (၁၀)ဦး

## ၄။ခနဲဖြူမြို့နယ်၊ စံကင်းအုပ်စု၊ဈေးညွှန့်ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်ပြဇယား



### ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

စံကင်းအုပ်စု၊ဈေးညွှန့်ကျေးရွာ အတွင်းတွင်ဖွဲ့စည်းထားသော အဖွဲ့အစည်း(၁၂)ဖွဲ့ရှိပါသည်။ ထိုအဖွဲ့များမှာ ကျေးရွာအတွင်း အုပ်ချုပ်ရေးအဖွဲ့ ယောကျာ်းလေးလူငယ်အသင်းအဖွဲ့၊ ညွှန့်ရတနာလူငယ်အဖွဲ့၊ နာရေးကူညီမှုအသင်းအဖွဲ့၊မီးသတ်အဖွဲ့၊ ၊ဆွမ်းလောင်းအသင်း အဖွဲ့၊ သာသနနုဂ္ဂဟအသင်းအဖွဲ့၊UNDPအသေးစားချေးငွေအဖွဲ့၊ BGချေးငွေအဖွဲ့၊ မြကျိုက်ပုံ့ဂေါပကအဖွဲ့ ၊ဝတ်အဖွဲ့၊ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့တို့ဖြစ်ပါသည်။ ကျေးရွာပြင်ပအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေး အဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်နေသော မြို့နယ်အထွေထွေအုပ်ချုပ်ရေး အဖွဲ့ရှိပါသည်။ ကျေးရွာစီမံခန့်ခွဲမှု အဖွဲ့သည် မြို့နယ်ကျေးလက်ဦးစီးနှင့်ချိတ်ဆက်ဆောင်ရွက်ကြပါသည်။ မီးသတ်အဖွဲ့ သည် မြို့နယ်မီးသတ်ရုံးနှင့်ချိတ်ဆက်ဆောင်ရွက်လျက် သည်။ဘာသာရေး မြကျိုက်ပုံ့အဖွဲ့နှင့် ဝတ်အဖွဲ့ သည် ရွာတွင် ဘာသာရေးပွဲများတွင် ရွတ်ဖတ်ပူဇော်ကြပါ သည်။ UNDPနှင့်BGအဖွဲ့ တို့သည်မြို့နယ်UNDPရုံး၊မြို့နယ်BGရုံးတို့နှင့် မြို့နယ်UNDPရုံး၊မြို့နယ်BGရုံး တို့နှင့်ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာတွင်းရှိ လူကြီးလူငယ်အမျိုးသား အမျိုးသမီးအဖွဲ့များနှင့် ပရဟိတအဖွဲ့များသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အတူတကွ ဆွေးနွေး တိုင်ပင်လုပ်ကိုင်ကြပါသည်။

## အနှစ်ချုပ်

စံကင်းအုပ်စု ၊ဈေးညွှန့်ကျေးရွာအတွင်းတွင် ဖွဲ့စည်းထားသောအဖွဲ့အစည်းများနှင့် ကျေးရွာ ပြင်ပရှိအဖွဲ့အစည်းများသည် အကြောင်းအရာကိစ္စများပေါ်ပေါက်လာပါက အရေးပေါ်ချိတ် ဆက် ဆောင်ရွက်နိုင်သော အဖွဲ့အစည်းများတွေ့ရှိပါသည်။


ပါဝင်ဆွေးနွေးသူ-ကျား(၇) ဦး၊မ(၇)ဦး

၂၀၁၉ခုနှစ် နေပြည်တော်


လူထုလေ့ကိုပြု စီမံကိန်း

ဓနုဖြူမြို့နယ်၊စံကင်းအုပ်စု၊ဈေးညွှန့်ကျေးရွာ အစည်းအဝေးပြုလုပ်နေပုံ

(ဒုတိယ နှစ်စက်ဝန်း)



ကျေးရွာအစည်းအဝေးပြုလုပ်နေပုံဓနုဖြူမြို့နယ်၊စံကင်းအုပ်စု၊ဈေးညွှန့်ကျေးရွာ
အစည်းအဝေးပြုလုပ်နေပုံ (ဒုတိယနှစ်စက်ဝန်း)



ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစိမ်ကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။စိမ်ကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။* |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ | လူထုစည်းရုံးရေးမှူး၏အမည် |
|---|---|---|
| ဦးစောနိုင်ဦး | ဖုန်းနံပါတ် - ၀၉၂၅၄၃၉၇၁၇၉ | ဒေါ်စန္ဒာမောသန်. |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ဧရာဝတီ | ဓနုဖြူ | ဆံကဝ. | ရွှေဘုံ. |

ကျ။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)---ဗမာ--- | ၁၆၄ | ဘာသာ(၁)---ဗုဒ္ဓ- | ၁၆၄ |
| လူမျိုးစု (၂)------------ | | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| လူမျိုးစုရော------------ | | ဘာသာရော------------ | |
| အခြား | | | |

| | အရေအတွက် |
|---|---|
| မုဆိုးမများ | ၉ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၄ |
| စစ်ဘေးရှောင် | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | | | |
| လူမျိုးစု (၁)---------- | ၃၃၂ | ၃၅၈ | ၆၉၀ |
| လူမျိုးစု (၂)---------- | | | |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၁၂၅ | ၄၁ | ၁၆၄ |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

## (ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား __________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်---------------------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၂-----------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-----၂၀---------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/ အခြား -----------------------

မိုးရာသီတွင်ကြာချိန်------------၂၀---------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/ အခြား -----------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ----------------------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------မရှိ-----------------

(၂) ----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☑မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည်

လက်မှတ် နေ့စွဲ ၂၇.၁၀.၂၀၁၉

လူထုစည်းရုံးရေးမှူး အမည်

လက်မှတ် နေ့စွဲ

## ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | | |
|---|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ဖြစား ဝေစား သန်း. | | | | | | | |
| နေ့စွဲ ၂၇.၁၀.၂၀၁၉ | | | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း | ဧရာဝတီ | မြို့နယ် | ဓနုဖြူ | ကျေးရွာအုပ်စု - စံကင်း | | ကျေးရွာ . ဈေးညွန့် . | |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု% |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | | | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၇.၁၀.၁၉ | ၂၇.၁၀.၁၉ | ၂၉ | ၅၅ | ၈၄ | ဗမာ | ၈၄ | ၁၆၆ | ၅၀.၆၀% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၇.၁၀.၁၉ | ၂၇.၁၀.၁၉ | ၂၉ | ၅၅ | ၈၄ | ဗမာ | ၈၄ | ၁၆၆ | ၅၀.၆၀% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 14.11.19 | 14.11.19 | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 13.12.19 | 13.12.19 | 53 | 29 | 82 | ဗမာ | 82 | 166 | 49.40% |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |

ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်စိုး စိုးသန့် | | | |
| နေ့စွဲ ၂၇.၁၀.၂၀၁၉ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ဓနုဖြူ | ကျေးရွာအုပ်စု စံကင်း | ကျေးရွာ ရွှေဥဿုံ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| အလုပ်အကိုင် ရှားပါးသောကြောင့် စားဝတ်နေရေး ခက်ခဲခြင်း | □ ကျား □ မ ☑ ကျား + မ |
| ညအခါ ကျောင်းသားများ စာကြည့်ရန်ခက်ခဲခြင်း | □ ကျား □ မ ☑ ကျား + မ |
| သဘာဝဘေး ဒဏ် ရာသီဥတုနှင့် ပတ်သက်၍ မြစ်ရေတိုးမှုကြောင့် ကမ်းပြိုခြင်း | □ ကျား □ မ ☑ ကျား + မ |
| လမ်းပန်း ဆက်သွယ်ရေး မကောင်းခြင်းကြောင့် သွားလာရ ခက်ခဲခြင်း | □ ကျား □ မ ☑ ကျား + မ |
| ဆည်မြောင်း ပိတ်ဆို့မှုကြောင့် လယ်ယာမြေများ ပျက်စီးခြင်း | □ ကျား □ မ ☑ ကျား + မ |
| သောက်သုံးရေ မသန့်ရှင်းခြင်းကြောင့် ကျန်းမာရေး ခက်ခဲခြင်း | □ ကျား □ မ ☑ ကျား + မ |
| ဗဟုသုတ အားနည်းခြင်း | ကျား + မ |
| ဆေးရုံ ဆောက်လုပ်ပြီးသော်လည်း ဝန်ထမ်း မရှိခြင်း | ကျား + မ |
| | |
| | |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| စား၀တ်နေရေး ပြေလည်လာစေရန် | ☐ ကျား ☐မ ☑ ကျား+ မ |
| လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် | ☐ ကျား ☐မ ☑ ကျား+ မ |
| သဘာ၀ဘေးအန္တရာယ်မှ ကာကွယ်နိုင်စေရန် | ☐ ကျား ☐မ ☑ ကျား+ မ |
| ကျန်းမာရေး ၀န်ထမ်းများ ရရှိလာပါက အများယုံသူ အဆင်ပြေလာစေရန် | ☐ ကျား ☐မ ☑ ကျား+ မ |
| ကျောင်းသား /သူများ စာကြည့်ရာတွင် အဆင်ပြေစေရန် | ☐ ကျား ☐မ ☑ ကျား+ မ |
| အညစ်ကြေး /ရေမြောင်းများ ကောင်းမွန်လာပါက လယ်ယာသားများ စီးပွားရေး အဆင်ပြေစေရန် | ☐ ကျား ☐မ ☑ ကျား+ မ |
| သောက်ရေသန့် ရှင်းပါက ကျန်းမာရေး အဆင်ပြေစေရန် | ကျား + မ |
| ပဟုသုတ များ ဖွံ့ဖြိုးလာစေရန် | ကျား + မ |
| | |
| | |
| | |
| | |

၇။ လူထုစီမံကိန်း၏ လာမည့်(၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့် သတ်မှတ်ချက် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ | ခန့်မှန်း ကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | [illegible] | အမျိုးသား + အမျိုးသမီး | [illegible] | | ၃၃၂ | ၃၅၈ | ၆၉၀ |
| ၂ | ရွာတွင်းလမ်း [illegible] | " | [illegible] | | ၃၃၂ | ၃၅၈ | ၆၉၀ |
| ၃ | အောက်ရေကန် ပြုပြင်ခြင်း | " | [illegible] | | ၃၃၂ | ၃၅၈ | ၆၉၀ |
| ၄ | စာကြည့်တိုက် | " | ကျေးရွာအထောက် [illegible] | | ၃၃၂ | ၃၅၈ | ၆၉၀ |
| ၅ | | | | | | | |
| | | | | | | | |
| | | | | | | | |

၈။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | အမျိုးသား + အမျိုးသမီး | အခြား |
| ၂ | အတိုးနည်း ချေးငွေ | " | အခြား |
| ၃ | ကျန်းမာရေး ဝန်ထမ်း | | ကျန်းမာရေး |
| ၄ | စက်မှုလက်မှု သင်တန်း | | livelihoods |
| ၅ | [illegible] | | အခြား |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ---------------------------- လက်မှတ် ---------------------------- နေ့စွဲ ၂၇.၁၀.၂၀၁၉

၈။ ကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား | မ | ရာထူး/တာဝန် |
|---|---|---|---|---|
| ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ | | | | |
| ၁။ | ဦးကျော်ထွန်း | ✓ | | ဥက္ကဌ |
| ၂။ | ဒေါ်ခင်အေးမွန် | | ✓ | ဥက္ကဌ |
| ဝယ်ယူရေးဆပ်ကော်မတီ | | | | |
| ၁။ | ဦးစံဦး | ✓ | | ခေါင်းဆောင် |
| ၂။ | ဒေါ်ဖြိုးဒါခံ | | ✓ | မှတ်တမ်းထိန်း |
| ၃။ | ဒေါ်စန္ဒာဝင်း | | ✓ | အဖွဲ့ဝင် |
| ကျေးရွာငွေစရင်းကိုင် | | | | |
| ၁။ | ဒေါ်ကေသွယ်ဝင်း | | ✓ | တာဝန်ခံ |
| စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | | | | |
| ၁။ | ဦးအေးရွှေ | ✓ | | ခေါင်ဆောင် |
| ၂။ | ဒေါ်သက်မာ | | ✓ | အဖွဲ့ဝင် |
| ၃။ | ဒေါ်အောနန်းခံ | | ✓ | အဖွဲ့ဝင် |
| လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | | | | |
| ၁။ | ဦးမြင့်ဦး | ✓ | | ခေါင်းဆောင် |
| ၂။ | ဒေါ်ဝင်းဝင်းကြိုင် | | ✓ | အဖွဲ့ဝင် |
| ၃။ | ဒေါ်သန်းသန့်ဆင့် | | ✓ | အဖွဲ့ဝင် |
| ဝေဖန်အကြံပြုတိုင်ကြားရေးတာဝန်ခံ | | | | |
| ၁။ | ဦးသိန်းထွန်း | ✓ | | တာဝန်ခံ |
| ၂။ | ဒေါ်ခန်းငြေး | | ✓ | တာဝန်ခံ |
| ကျေးရွာစေတနာ့ဝန်ထမ်း | | | | |
| ၁။ | ဦးမိုးဝင်း | ✓ | | အကူ |
| ၂။ | ဒေါ်ဝါဝါလွင် | | ✓ | အကူ |
| ၃။ | | | | အကူ |
| ၄။ | | | | အကူ |

အစည်းအဝေးကျင်းပပြုလုပ်သည့်နေရာ - ချေးညွန့် (ကရင်)

အစည်းအဝေးကျင်းပသည့်အချိန် - နံနက် (၉) နာရီ

အစည်းအဝေးကျင်းပပြုလုပ်သည့်နေ့ရက် - ၂၇-၁၀-၂၀၁၉

အကြောင်းအရာ - ပထမအကြိမ်အစည်းအဝေး

တက်ရောက်သူဦးရေ - ကျား (၂၉) ဦး ၊ မ (၅၅) ဦး

အစည်းအဝေးကျင်းပပြုလုပ်ရခြင်း၏ရည်ရွယ်ချက်

(၁) လူထုဗဟိုပြုစီမံကိန်း၏ ကျေးရွာဖွံ့ဖြိုးရေး အခြေခံသဘောတရားများအား ရှင်းလင်းပြသနိုင်ရန်

(၂) ကျေးရွာလူထုအား စီမံကိန်းစက်ဝန်း ၊ စီမံကိန်း၏ လုပ်ထုံးလုပ်နည်းများ ၊ စည်းမျဉ်းစည်းကမ်းများနှင့် ရင်းနှီးမှုရရှိစေရန်

(၃) လူထုဗဟိုပြုစီမံကိန်းတွင် ပါဝင်ဆောင်ရွက်မည့် သူများ၏ တာဝန်နှင့် ဝတ္တရားများအား သိရှိနားလည်စေရန်

(၄) ကျေးရွာစေတနာ့ဝန်ထမ်း၏ တာဝန်ဝတ္တရားများအား ရှင်းပြပြီး စေတနာ့ဝန်ထမ်းရွေးချယ်နိုင်ရန်

(၅) လူထုမှပေါင်းပါဝင်သော လူမှုဆန်းစစ်ချက်များအား ရေးဆွဲ ပေါ်ထွက်နိုင်ရန်

ဆွေးနွေးချက်များ

ရွေးညွှန့်ကျေးရွာမှ ရပ်မိ ရပ်ဖတစ်ဦးမှ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ရွေးညွှန့်ကျေးရွာမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်၊ ယခုလို မိုးရာ စည်းအဝေးတက်ရောက်ပေးသည့်အတွက် ကျေးရွာသူ၊ ကျေးရွာသားများအား ကျေးဇူးတင်ရှိပါကြောင်း အမှာစကားပြောကြားပါသည်။

ဆက်လက်၍ တာဝန်ကျဝန်ထမ်း လူထုစည်းရုံးရေးမှူးမှ စီမံကိန်း မိတ်ဆက် (၁၅)ချက်အား ရှင်းလင်းပြောကြားပါသည်။ စီမံကိန်း၏ သဘောတရားများ၊ ရန်ပုံငွေပြောင်းလဲမှုများ၊ ကျား၊မရေးရာ အခန်းကဏ္ဍ စသည့်အကြောင်းအရာများအား ရှင်းလင်းဆွေးနွေးပါသည်။

ဆက်လက်၍ လက်တောက်နည်းပညာမှူး ဒေါ်မြမြင့်ဆွေမှ စီမံကိန်းစက်ဝန်း အပိုင်း (၈)ပိုင်းနှင့် အဆင့် (၂၄)ဆင့်ကို ရှင်းပြဆွေးနွေးပါသည်။

ထို့နောက်စီမံကိန်းတွင် တာဝန်ရှိသူများနှင့် တာဝန်ဝတ္တရားများ၏ အရေးပါပုံတို့နှင့် လူထုဗဟိုပြုစီမံကိန်း၏ ကော်မတီဝင်များလုပ်ဆောင်ရန် အခန်းကဏ္ဍများနှင့် စေတနာ့ဝန်ထမ်း၏ တာဝန်ဝတ္တရားများအကြောင်းကို တာဝန်ကျဝန်ထမ်း လူထုစည်းရုံးရေးမှူးမှ ရှင်းလင်းပြောကြားပြီး စေတနာ့ဝန်ထမ်း ကျား (၁)ဦး၊ မ(၁)ဦးကို ရွေးချယ်ပါသည်။

ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များရေးဆွဲနိုင်ရန် ပါဝင်ဆန်းစစ်ချက် (၈)ခုအား အမျိုးသား၊ အမျိုးသမီးများ အဖွဲ့များခွဲ၍ ရေးဆွဲခဲ့ကြပါသည်။

ဆောင်ရွက်ရန်

ဆုံးဖြတ်ချက်များ

(၁) ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်တင်မြှောက်ရန် - ကျား (၁)
- မ (၁)

(၂) လသုံးပတ် ပြုပြင်ထိန်းသိမ်းရေး ရန်ပုံငွေကောက်ခံရန် - လည်ပတ်ကော်မတီ

(၃) ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်း ရွေးချယ်ရန် - ကျေးရွာလူထု

(၄) ဒုတိယအကြိမ်မြောက်အစည်းအဝေးကို နေ့လည် (၁) နာရီ - ကျေးရွာလူထု
တွေ့ဆုံပြန်လည်ဆောင်ရန်

အစည်းအဝေး ပိတ်သိမ်းခြင်း

ဓနကောင်းအုပ်စု၊ ချောင်းညွှန့် ကျေးရွာ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ် စတင်ခြင်း၊ ပထမအကြိမ်အစည်းအဝေးအား (၂၇.၁၀.၂၀၁၉) နေ့လည် (၁၂) နာရီတွင် အောင်မြင်စွာ ပိတ်သိမ်းခဲ့ပါသည်။

(signature)
ဒေါ်စန်းစန်းသန့်
လူထုစည်းရုံးရေးမှူး
မှတ်တမ်းတင်သူ

(signature)
ဦးကျော်ထွန်း
အတည်ပြုသူ
စီ/ထောက်ဥက္ကဋ္ဌ

အစည်းအဝေးကျင်းပပြုလုပ်သည့်နေရာ - ချေးဥသွန့် (ဇရပ်)

အစည်းအဝေးကျင်းပပြုလုပ်သည့်အချိန် - နေ့လည် (၁)နာရီ

အစည်းအဝေးကျင်းပပြုလုပ်သည့်နေ့ရက် - ၂၄-၁၀-၂၀၁၉

အကြောင်းအရာ - ဒုတိယအကြိမ်အစည်းအဝေး

တက်ရောက်သူဦးရေ - ကျား (၂၉)ဦး ၊ မ (၅၅)ဦး

အစည်းအဝေးကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်

(၁) အမျိုးသား၊ အမျိုးသမီးများ၏ အခက်အခဲ ပြဿနာများကို ဖော်ထုတ်ပြီး မျှော်လင့်ချက်များအပေါ် အခြေခံ၍ ကျေးရွာဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ ရွေးချယ်နိုင်ရန်

(၂) ဦးစားပေးရွေးချယ်ရမည့် စံနှုန်း သတ်မှတ်ချက်များ၊ ရန်ပုံငွေထောက်ပံ့မည့် စံနှုန်းသတ်မှတ်ချက်များကို သိရှိနားလည်စေရန်

(၃) ဦးစားပေးလုပ်ငန်းအတည်ပြုရန်

(၄) အကျုံးဝင်သည့်လုပ်ငန်း၊ အကျုံးမဝင်သည့်လုပ်ငန်းများကို ခွဲခြားသိရှိနိုင်ရန်

(၅) အကာအကွယ်မူနှင့် ပတ်သက်ပြီး လိုက်နာကျင့်သုံးတတ်စေရန်

(၆) ဆောင်ရန်၊ ရှောင်ရန် အကြောင်းကို သိရှိပြီး ကျေးရွာစီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းနိုင်ရန်

ဆွေးနွေးချက်များ

အစည်းအဝေးကို နေ့လည် ၁၁ နာရီတွင် ပြန်လည်စတင်ပြီး အမျိုးသား၊ အမျိုးသမီးများ အုပ်စုဖွဲ့၍ အခက်အခဲပြဿနာများ၊ မျှော်မှန်းချက်များ၊ ဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေး ဖော်ထုတ်ခဲ့ကြသည်။

ဆက်လက်၍ လက်တွေ့နည်းပညာအဖွဲ့မှ ဦးစားပေးရွေးချယ်ရမည့် စံနှုန်းသတ်မှတ်ချက်များအကြောင်းနှင့် ရန်ပုံငွေထောက်ပံ့သည့် စံနှုန်းသတ်မှတ်ချက်များအကြောင်းကို ရှင်းလင်းပြောကြားပါသည်။ ထို့နောက် ဦးစားပေးလုပ်ငန်း အတည်ပြုခြင်းကို ဆက်လက်ဆောင်ရွက်ပါသည်။

ဆက်လက်၍ လူထုမဟာဗျူဟာစီမံကိန်းနှင့် အကျုံးဝင်သည့်လုပ်ငန်းများနှင့် အကျုံးမဝင်သည့်လုပ်ငန်းများအကြောင်းကို ရှင်းပြဆွေးနွေးပါသည်။ ဆက်လက်၍ လက်တွေ့နည်းပညာအဖွဲ့မှ အကာအကွယ်နှင့် ပတ်သက်၍ လိုက်နာကျင့်သုံးရမည့် သဘာဝပတ်ဝန်းကျင် အကာအကွယ်နှင့် လူမှုပတ်ဝန်းကျင် အကာအကွယ်များအကြောင်းကို ရှင်းပြဆွေးနွေးပါသည်။

ထို့နောက် လူထုစည်းရုံးရေးအဖွဲ့မှ ဆောင်ရန်၊ ရှောင်ရန် နှင့် ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျေးရွာစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းပါသည်

ဆုံးဖြတ်ချက်များ

၁။ ဦးစားပေးလုပ်ငန်း ရွေးချယ်ခြင်း

(၁) မီးကြိုး မီးတိုင်သွယ်တန်းခြင်း (အစိုးရမီး)

(၂) ရွာတွင်းကွန်ကရစ်လမ်း တိုးချဲ့ခြင်း

(၃) သောက်ရေကန် ပြုပြင်ခြင်း

(၄) စာကြည့်တိုက်

၂။ လည်ပတ်ပြုပြင် ထိန်းသိမ်းရေး ရန်ပုံငွေ ကောက်ခံထားရှိရန်

၃။ ကျေးရွာစီမံခန့်ခွဲမှု အဖွဲ့ဝင်များအားလုံး တက်တက်ကြွကြွ ပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန်တို့ကို တက်ရောက်လာသူအားလုံးက သဘောတူဆုံးဖြတ်ခဲ့ကြသည်။

အစည်းအဝေးပိတ်သိမ်းခြင်း

အထက်ပါ ဆုံးဖြတ်ချက်များ အားလုံး မှန်ကန်ပါကြောင်း တက်ရောက်လာသူအားလုံးက သဘောတူလက်မှတ်များ ရေးထိုးခဲ့ကြပြီး အစည်းအဝေးကို ညနေ ၅ နာရီတွင် ပိတ်သိမ်းခဲ့ပါသည်။

ဒေါ်အေးအေးသန့်
လေ့လာစည်းရုံးရေးမှူး
မှတ်တမ်းတင်သူ

ဦးကျော်ထွန်း
အတည်ပြုသူ
ဝ/ကော်ဥက္ကဋ္ဌ

ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းချုပ်ဇယား ၄

| ကဏ္ဍ | ဦးစားပေး အဆင့် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ(အမှန်ခြစ်ရန်) ကျား | မ | ကျား+မ | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့အစည်း (သို့)ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦကဏ္ဍ (လမ်း/တံတား/ရေရရှိရေး/မီးလင်းရေး) | ၁ | မီးကြိုး/မီးတိုင်သွယ်တန်းခြင်း (အလင်းရောင်မီး) | | | ✓ | ၂၀၁၇ | လူထုဗဟိုပြုစီမံကိန်း | |
| | ၂ | ရွာတွင်းကွန်ကရစ်လမ်း တိုးချဲ့ခြင်း | | | ✓ | ၂၀၁၇ | လူထုဗဟိုပြုစီမံကိန်း | |
| | ၃ | သောက်ရေကန်ပြုပြင်ခြင်း | | | ✓ | ၂၀၁၇ | လူထုဗဟိုပြုစီမံကိန်း | |
| | ၄ | စာကြည့်တိုက် | | | ✓ | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၅ | | | | | | | |
| လူမှုစီးပွားကဏ္ဍ (ပညာရေး/ ကျန်းမာရေး နှင့် ဆိုင်သောအဆောက်အဦများနှင့် အခြားလိုအပ်ချက်များ) | ၁ | ကျန်းမာရေးဝန်ထမ်း | | | ✓ | ၂၀၁၉ | သက်ဆိုင်ရာဌာန | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သက်မွေးဝမ်းကျောင်းကဏ္ဍ (စိုက်ပျိုးရေး/ မွေးမြူရေး နှင့် ဆိုင်သော အဆောက်အဦများ နှင့် အခြား လိုအပ်ချက်များ) | ၁ | ကမ်းထိန်းနံရံတည်ဆောက်ခြင်း | | | ✓ | ၂၀၁၉ | သက်ဆိုင်ရာဌာန | |
| | ၂ | စက်မှုလက်မှုသင်တန်း | | | ✓ | ၂၀၁၉ | သက်ဆိုင်ရာဌာန | |
| | ၃ | ချောင်းမြောင်းပြန်လည်တူးဖော်ခြင်း | | | ✓ | ၂၀၁၉ | သက်ဆိုင်ရာဌာန | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝဘေးအန္တရာယ် လျော့ပါးရေး ကဏ္ဍ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အခြားကဏ္ဍ (ဌာနဆိုင်ရာများသို့ လွှဲပြောင်းနိုင်ခြင်း နှင့် အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော လုပ်ငန်းများ) | ၁ | | | | | | | |
| | ၂ | အတိုးနည်းချေးငွေ | | | ✓ | ၂၀၁၉ | သက်ဆိုင်ရာဌာန | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |